## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၃-၂-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ် ၏ **ဖမ်းဆီးရမိသော တရားမဝင်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ မည်သို့ အရေးယူဆောင်ရွက်ခြင်းနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှု အတွက် စီးပွား/ကူးသန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ၂ ခု ပေါင်း၍ လုပ်ဆောင်မှုမှာ ထိရောက်မှု ရှိပါသလား** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါက်တာနေလင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်၏ **ဝါးတန်းဆန်စပါးကုန်စည် ဒိုင်အား နိုင်ငံတကာ အဆင့်မီကုန်စည်ဒိုင်(Commodity Exchange Center)အဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ခွင့်ပြုရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကျော်တင်ရွှေ၊ မိုင်းရှူး မဲဆန္ဒနယ်၏ **မိုင်းရှူးမြို့တွင် လိုအပ်နေသော မီးသတ်ယာဉ်နှင့် မီးသတ်ရုံး အဆောက်အဦအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးခရိုင်၊ မြို့သစ်မြို့နယ်ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာ အဆောက်အဦများကို လာမည့် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ် မှစပြီး နှစ်အလိုက် စီမံချက်များ ချမှတ်ပြီး အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ကာကွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာနိုင်ငံ ရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့လာသော **"အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။